မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 17/ Issue 8 / August /2024*

## BIBLE SUNDAY

**August 25, 2024**

**2:00 PM**

**Guest speaker – Rev. Noel Lahpai**

**(First Kachin Baptist Church)**



T

**The Bible is God's gift to us.
Through it, we learn His commands,
discover His promises, and understand His Person.**

## 2024 August, Sunday Worship Programs




***August 4, 2024 … Holy Communion***
***August 11, 2024 … Regular Worship Service***
***August 18, 2024 … Regular Worship Service***
***August 25, 2024 … Bible Sunday Worship Service***
***Guest Speaker: Rev. Noel Lahpai (FKBC)***

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday School (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*




အောက်ပါကျမ်းပိုဒ် (၃)ချက်သည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို အသစ်ပြုပြင်၍ သန့်ရှင်း စေပါသည်။ မှန်ကန်သော စိတ်သဘောနှင့်လည်း ပြည့်စုံစေသည်။

၁။ ယောဟန်ခရစ်ဝင်ကျမ်း၊ ၁၇း၁၇။

- ကိုယ်တော်၏သမ္မာတရား အားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။
- ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရား ဖြစ်ပါ၏။

၂။ ဆာလံကျမ်း၊ ၁၁၉း၉–၁၂။

- လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်း ဟူမူကား နှုတ်ကပတ်တော်အတိုင်း သတိပြုရမည်။
- အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာပါ၏။ ပညတ်တော်လမ်းမှ လွဲစေတော် မမူပါနှင့်။
- ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည်အကြောင်း ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ။
- အို ထာဝရဘုရား ကိုယ်တော်သည် မင်္ဂလာရှိတော်မူ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌ သွန်သင်တော်မူပါ။

၃။ ယောဟန်ခရစ်ဝင်ကျမ်း၊ ၃း၁၇၊၂၁။

- လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။
- လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။
- သမ္မာတရားကို ကျင့်သောသူမူကား၊ မိမိအကျင့်တို့သည် ဘုရားသခင်၏အလိုတော်နှင့်ညီသည်ကို ထင်ရှားစေခြင်းငှါ အလင်းသို့ ချဉ်းကပ်သည်။

====================================================================================================

# ဟာလေလုယ ... ထာဝရဘုရားကို ချီးမွမ်းကြလော့။

ဆာလံကျမ်း၊ ၁၁၃း၁–၂။
– ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းကြလော့။ ချီးမွမ်းကြလော့။
– ထာဝရဘုရား၏ နာမတော်သည် ယခုမှစ၍ အစဉ်အဆက် မင်္ဂလာရှိစေသတည်း။
– နေထွက်ရာမှသည် နေဝင်ရာတိုင်အောင် ထာဝရဘုရား၏နာမတော်သည် ချီးမွမ်းဘွယ်ဖြစ်၏။

ဆာလံကျမ်း၊ ၁၃၅း၁–၃။
– ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလော့၊ ထာဝရဘုရား၏အိမ်တော်ကို ချီးမွမ်းကြလော့။
– ထာဝရဘုရား၏အိမ်တော်၊ ငါတို့ဘုရားသခင်၏အိမ်တော်တန်တိုင်းတွင် အမှုစောင့်သော ထာဝရဘုရား၏ကျွန်တော်တို့၊ ချီးမွမ်းခြင်းကို ပြုကြလော့။
– ထာဝရဘုရားသည် ကောင်းမြတ်တော်မူသောကြောင့်၊ ထာဝရဘုရားကို ချီးမွမ်းကြလော့။
– နာမတော်ကို ထောမနာသီချင်းဆိုကြလော့။ ... ဟာလေလုယ။

ဆာလံကျမ်း၊ ၁၃၆း၁–၃။
– ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
– ဘုရားတို့၏အရှင် ဘုရားသခင်၏ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
– အရှင်တို့၏သခင်၊ ဘုရားရှင်၏ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။

ဆာလံကျမ်း၊ ၁၁၇း၁–၂။
– လူမျိုးအပေါင်းတို့ ထာဝရဘုရားကို ချီးမွမ်းကြလော့။ – လူအနွယ်အပေါင်းတို့ အလွန်ချီးမွမ်းကြလော့။ အကြောင်းမူကား ၊ ငါတို့၌ ကရုဏာတော်ကြီးလှ၏။
– ထာဝရဘုရား၏သစ္စာတော်သည် အစဉ်အမြဲတည်၏။ ... ဟာလေလုယ။

ဆာလံကျမ်း၊ ၁၅၀း၁–၆။
– သန့်ရှင်းရာ ဌာနတော်၌ ဘုရားသခင်ကို ချီးမွမ်းကြလော့။
– ဘုန်းတော်ထင်ရှားသော ကောင်းကင်မျက်နှာ ကြက်ပေါ်ပေါ်မှ ချီးမွမ်းကြလော့။
– ထူးဆန်းသော တန်ခိုးတော်များကြောင့် ဘုရားသခင်ကို ချီးမွမ်းကြလော့။
– အလွန်တရာ ကြီးမြတ်တော်မူခြင်းရှိသည်အတိုင်း၊ ချီးမွမ်းကြလော့။
– တံပိုးမှုတ်ခြင်းရှိသည်အတိုင်း ချီးမွမ်းကြလော့။
– တယောနှင့်စောင်းကိုတီးလျက် ချီးမွမ်းကြလော့။
– ပတ်သာတီးလျက်၊ ကခုန်လျက် နှင့် ချီးမွမ်းကြလော့။
– ကြိုးနှင့်ပြည့်စုံ သော တုရိယာကို တီးလျက် နှဲခရာကို မှုတ်လျက် ချီးမွမ်းကြလော့၊
– အသံကျယ်သော သံလွင်ကို တီးလျက် ချီးမွမ်း ကြလော့။
– အကြီးဆုံးသော လင်းကွင်းကိုလည်း တီးလျက် ချီးမွမ်းကြလော့။
– အသက်ရှိသောသူအပေါင်း တို့သည် ထာဝရဘုရားကို ချီးမွမ်းကြစေ။ ... ဟာလေလုယ။




(ဆာလံကျမ်း၊ ၁၁၉း၁၀၅)

နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍
အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။

ဖြောင့်မတ်စွာ စီရင်တော်မူချက်တို့ကို စောင့်ပါမည်ဟု
အကျွန်ုပ်ကျိန်ဆိုသည်အတိုင်း ပြုပါမည်။

အိုထာဝရဘုရား အကျွန်ုပ်သည် အလွန်ဆင်းရဲခြင်းကို ခံရပါ၏။
နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေတော်မူပါ။

(သုတ္တံကျမ်း၊၃း၅)

ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။
ကိုယ်ညာဏ်ကို မမှီမပြုနှင့်။

သွားလေရာ၌ ထာဝရ ဘုရား ကို မျက်မှောက်ပြုလော့။
သို့ပြုလျှင် သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်




(ဆာလံကျမ်း၊ ၁၀၀)

မြေကြီးသားအပေါင်းတို့၊ ထာဝရဘုရားအား ကြွေးကြော်ကြလော့။
ထာဝရဘုရား၏ အမှုတော်ကို ဝမ်းမြောက်စွာ ဆောင်ရွက်ကြလော့။
ရွှင်လန်းစွာ သီချင်းဆိုလျက်၊ အထံတော်သို့ ဝင်ကြလော့။

ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူသည်ကို သိမှတ်ကြလော့။
ထာဝရဘုရားသည် ငါတို့ကိုဖန်ဆင်းတော်မူ၍၊
ငါတို့၏အရှင်ဖြစ်တော်မူ၏။ ငါတို့သည်လည်း၊ ထာဝရဘုရား၏လူ
ဖြစ်ကြ၏။
အထံတော်၌ ကျက်စားသောသိုးစုလည်း ဖြစ်ကြ၏။

ကျေးဇူးတော်ကို ကြီးမားပါသည်ဟု ဝန်ခံလျက်၊ တံခါးတော်တို့ကိုရင်း၊
ဂုဏ်တော်ကိုချီးမွမ်းလျက် တန်တိုင်းတော်တို့ကိုရင်း ဝင်ကြလော့။
ကျေးဇူးတော်ကို ချီးမွမ်း၍ နာမတော်ကို ကောင်းကြီးပေးကြလော့။

အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။
ကရုဏာတော်သည် အစဉ်အမြဲ ရှိ၍၊
သစ္စာတော်သည် ကာလအဆက်ဆက် တည်လေသတည်း။